ထိုဆရာ ၄-မျိုး၌ တပည့် ၄-မျိုးက ပြုရသော တာဝန်ဝတ္တရားတို့မှာ ဥပဇ္ဈာယဝတ်နှင့် အများအားဖြင့် တူ၏၊ ထို့ကြောင့် ဆရာ ၄-ပါးအပေါ်၌ တပည့် ၄-ပါးတို့က မျက်နှာသစ်ရေကပ်ခြင်း, ယာဂုကပ်ခြင်းစသော ကျင့်ဝတ်များကို ပြုကြရသည်။

---

## (ခ) အန္တေဝါသိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆရာ ၄-ပါး ရှိသကဲ့သို့ တပည့် ၄-ပါး ရှိ၏၊ ထိုတပည့်များကို "အန္တေဝါသိက=အနီးနေတပည့်"ဟု ခေါ်သည်၊ ထို ၄-ပါးကား—

(၁) "ပဗ္ဗဇ္ဇန္တေဝါသိက=ရှင်ပြုပေးအပ်သော တပည့်"။

(၂) "ဥပသမ္ပဒန္တေဝါသိက = ပဉ္စင်း ပြုပေးအပ်သော တပည့်"။

(၃) "ဓမ္မန္တေဝါသိက=စာချပေးအပ်သော တပည့်"။

(၄) "နိဿယန္တေဝါသိက= နိဿယည်း ယူ၍ နေသော တပည့်"။

ဤ တပည့် ၄-မျိုး အပေါ်၌ ဆရာ ၄-မျိုးက ပြုရသော တာဝန် ဝတ္တရားများလည်း ဥပဇ္ဈာယ်က သဒ္ဓိဝိဟာရိက တပည့် အပေါ်၌ ပြုရသော ဝတ္တရားနှင့် သဘောတူ၏၊ ထို့ကြောင့် ဆရာ ၄-မျိုးတို့သည် တပည့်၄-မျိုးတို့ အပေါ်၌ စာချခြင်း, ဆုံးမဩဝါဒပေးခြင်း, သပိတ်သင်္ကန်း စသည်ကို ပေးခြင်း, မကျန်းမမာသောအခါ ပြုစုခြင်း စသော ဝတ္တရားများကို ပြုကြရသည်။